# ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်လိုင်းအသစ်/ ခရီးစဉ်တိုးချဲ့/ ယာဉ်အမျိုးအစား ပြောင်းလဲပြေးဆွဲခွင့် လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားလာသည့် မော်တော်ယာဉ်အသင်းအဖွဲ့များသည် အောက်ပါစာရွက်စာတမ်းများနှင့်အတူ သက်ဆိုင်ရာခရိုင်လုပ်ငန်း လိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှု ဌာနရုံးများသို့ တင်ပြလျှောက်ထားရမည်-

(က) ယာဉ်အသင်း၏ လျှောက်လွှာစီမံချက်တွင် ထည့်သွင်းဖော်ပြရမည့် အချက်များ-

(၁) ယာဉ်အသင်းအမည်

(၂) အသင်းအုပ်ချုပ်မှုဖွဲ့စည်းပုံ

(၃) ပေးဆွဲမည့်ခရီးစဉ်ဒေသ

(၄) ပြေးဆွဲမည့် ယာဉ်အမျိုးအစားနှင့်အရေအတွက်

(၅) ပြေးဆွဲမည့်ယာဉ်များ၏ ယာဉ်အမှတ်/အမျိုးအမည်/အမျိုးအစား (ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပူးတွဲတင်ပြရမည်)

(၆) နေ့စဉ်ပြေးဆွဲမည့်ယာဉ်စီးရေ(ယာဉ်ထွက်ခွာချိန် အချိန်ဇယား ဖော်ပြရန်)

(၇) သက်ဆိုင်ရာ အဝေးပြေးယာဉ်ရပ်နားစခန်းတွင် ဂိတ်ခန်းဖွင့်လှစ် ဆောင်ရွက်မှု အခြေအနေ

(၈) ယာဉ်စီးခနှုန်းထားများ

(၉) အသင်းတာဝန်ခံများနှင့်ဆက်သွယ်ရန် ဖုန်းနံပါတ်များ

(၁၀) ကြီးကြပ်ထိန်းသိမ်းမည့် စည်းကမ်းချက်များ

(၁၁) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကဒ်နှင့်သန်းခေါင်းစာရင်း (မူရင်း/မိတ္တူ)

(၁၂) ရေးဆွဲမည့်ခရီးနှင့်လမ်းကြောင်းပြမြေပုံ

(ခ ) ကယားပြည်နယ် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့၏ စည်းကမ်းချက်များအား ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်အသင်းမှသိရှိ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ယာဉ်အသင်းဥက္ကဋ္ဌနှင့်အတွင်းရေးမှူး (သို့မဟုတ်)တာဝန်ခံတို့မှ လက်မှတ်ရေးထိုးထားသည့် ကတိဝန်ခံချက်

(ဂ ) သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်ရုံး၏ သဘောထား မေးမြန်းချက်အပေါ် ရေးဆွဲမည့် ခရီးစဉ်တစ်လျှောက်ရှိ ရပ်ကွက်/ ကျေးရွာ/ မြို့နယ်/ ခရိုင် အုပ်ချုပ်ရေးမှူးများ၏ ယာဉ်လိုင်းလိုအပ်ချက်အရ ပြေးဆွဲရန် (သို့မဟုတ်) ယာဉ်အမျိုးအစား ပြောင်းလဲရန် သဘောထား မှတ်ချက်

(ဃ) စီမံချက်ပါ ယာဉ်ရပ်နှင့်နေရာနှင့်ပတ်သက်၍ မော်တော်ယာဉ်များ သွားလာနိုင် ကြောင်း သက်ဆိုင်လမ်းဦးစီး၏သဘောထားမှတ်ချက်

(င ) လိုအပ်လျှင်လျှောက်ထားသည့် ခရီးစဉ်လမ်းကြောင်း၌ မော်တော်ယာဉ်များ သွားလာနိုင်ကြောင်း သက်ဆိုင်ရာလမ်းဦးစီး၏သဘောထားမှတ်ချက်

**၂။ ခရိုင်လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနမှ စိစစ်ချက်**

အထက်ပါ လျှောက်ထားချက်များ ပြည့်စုံမှန်ကန်ပါက ပြည်နယ်ကုန်လမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အတွင်းရေးမှူး(ပြည်နယ်/ တိုင်းဒေသကြီး ဦးစီးမှူး၊ လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန) သို့ ပေးပို့ ရမည်။

၃။ **တိုင်းဒေကြီးလုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနမှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

(က) တိုင်းဒေသကြီးရုံးမှအောက်ပါအချက်အလက်များဖြင့် စိစစ်ဆောင်ရွက်ပါသည်-

(၁) ယာဉ်အသင်းအဖွဲ့တွင် အမည်တူအသင်းများရှိ/မရှိ

(၂) အမည်ပျက်စာရင်းများရှိ/မရှိ၊ အခြားအသင်းအဖွဲ့အစည်းများနှင့် ဒေသ အစိုးရမှ ကန့်ကွက်ထားခြင်းရှိ/မရှိ

(၃) အသင်းဖွဲ့စည်းပုံစနစ်ကျမှုရှိ/မရှိ၊ သက်ဆိုင်ရာအသင်းဂိတ်ခန်းများတွင် ကြီးကြပ်ဆောင်ရွက်မှု အဖွဲ့ဖွဲ့ထားမှုရှိ/မရှိ

(၄) ပြေးမည့်ခရီးစဉ်ဒေသသို့ ပြေးဆွဲနေသည့်ယာဉ်အင်အားနှင့်အခြားယာဉ် လိုင်းများအခြေအနေ

(၅) ၎င်းခရီးစဉ်သို့ ထပ်မံပြေးဆွဲရန်လိုအပ်မှုရှိ/မရှိ

(၆) ပြေးဆွဲပါက အခြားပို့ဆောင်ရေးအခြေအနေများ ထိခိုက်မှုရှိ/မရှိ

(၇) ပြည်သူတို့အတွက် အကျိုးရှိ/မရှိ

(၈) ခရီးသည်များ အဆင်ပြေလုံလောက်စွာ စီးနင်းရန်သင့်တော်ခြင်းရှိ/မရှိ

(၉) ပို့ဆောင်ရေးလိုအပ်ချက်နှင့်ပို့ဆောင်ရေးလုံလောက်စွာ ဆောင်ရွက်နိုင် ခြင်းရှိ/မရှိ

(၁၀) ခရီးစဉ်များနှင့် ယာဉ်အင်အားလုံလောက်မှုရှိ/မရှိ

(၁၁) နေ့စဉ်ပြေးဆွဲနိုင်မှုရှိ/မရှိ(ယာဉ်အင်အားအရ)

(၁၂) ခရီးခေါက်ရေများ သတ်မှတ်ချက်များ သင့်တော်ခြင်းရှိ/မရှိ

(၁၃) နေ့စဉ်ပြေးဆွဲမည့်စီးရေနှင့် အရံယာဉ်အင်အား လုံလောက်စွာရှိ/မရှိ

(၁၄) ပြေးဆွဲမည့် ယာဉ်များလုပ်ငန်းလိုင်စင်ရယူထားခြင်းရှိ/မရှိ

(၁၅) လိုင်စင်ရယူထားပြီးပါက ယာဉ်လိုင်းတွင် ပြေးဆွဲနေခြင်းရှိ/မရှိ

(၁၆) ယာဉ်လိုင်းပေးဆွဲနေသော ယာဉ်ဖြစ်ပါက ၄င်းယာဉ်လိုင်းများမှ ယာဉ်လိုင်း ထွက်စာပါ/မပါ

(၁၇) ပြေးဆွဲနေသည့် ယာဉ်လိုင်းများမှ ယာဉ်များထွက်ခွင့်ပြုပါက ၄င်းယာဉ် လိုင်းများတွင် သယ်ယူပို့ဆောင်ရေး ထိခိုက်မှုရှိ/မရှိ

(၁၈) ပြေးဆွဲမည့်ယာဉ်များသည် ခရီးစဉ် အစ အဆုံးနှင့် ခရီးစဉ်အတွင်းဒေသ များတွင် မှတ်ပုံတင်ထားခြင်း၊ နေထိုင်ခြင်းရှိ/မရှိ

(၁၉) ခရီးစဉ် အစ၊အလယ်၊အဆုံးရှိ အဝေးပြေးယာဉ်ရပ်နားစခန်းများတွင် ဂိတ်ခန်းနေရာ ရယူထားပြီးခြင်းရှိ/မရှိ၊ ဂိတ်ခန်းနေရာများတွင်ယာဉ် များလုံလောက်စွာ ရပ်နားနိုင်မှုရှိ/မရှိ

(၂၀) ဒေသအစိုးရအဖွဲ့များမှ သတ်မှတ်ထားသည့် ပို့ဆောင်ရေးနှုန်းထား များအတိုင်းမှန်/မမှန်

(ခ) အထက်ပါအချက်များ ပြည့်စုံမှန်ကန်မှုရှိပါက ပြည်နယ် ကရဖအဖွဲ့သည် ပြည်နယ် အစိုးရအဖွဲ့(ဥက္ကဋ္ဌ၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့) ထံသို့ တင်ပြလျှောက်ထားရပါမည်။

(ဂ) အစိုးရအဖွဲ့၏ခွင့်ပြုချက်ရရှိပါက ပြည်နယ်ကုန်းလမ်းနှင့် ပြည်တွင်း ရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ အတွင်းရေးမှူးသည် ပြည်နယ်တွင်းခရီးစဉ် အတွက် ပြေးဆွဲခွင့်ပြုမည် ဖြစ်ပါသည်။

(ဃ) ပြည်နယ်ကျော်ခရီးစဉ်ဖြစ်ပါက သက်ဆိုင်ရာ ပြည်နယ်/တိုင်းသို့ သဘောထား မေးမြန်းရမည်ဖြစ်ပါသည်။ ကန့်ကွက်ရန်မရှိကြောင်း ပြန်ကြားလာလျှင် ခရီးစဉ်ပြေးဆွဲခွင့်ပြုမည်ဖြစ်ပါသည်။

(င) ပြေးဆွဲခွင့်ရရှိပါက ယာဉ်အသင်းသည် စတင်ပေးဆွဲမည့်နေ့ရက်အား ပြည်နယ် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့သို့ တင်ပြပြီးမှ စတင်ပြေးဆွဲရန် ဖြစ်ပါသည်။

(စ) စီမံချက်အရ ခွင့်ပြုပြီးယာဉ်များပြောင်းလဲလိုပါက ပြည်နယ်ကုန်လမ်းနှင့် ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့သို့ တင်ပြ၍ခွင့်ပြုချက် လျှောက်ထားရမည် ဖြစ်ပါသည်။

## ၄။ ခရီးသည်တင်ယာဉ်လိုင်းများအား ကြီးကြပ်ကွပ်ကဲခြင်း

ခရီးသည်သယ်ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် မော်တော်ယာဉ် အသင်းများအား ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း များ ဥပဒေ၊နည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ ကယားပြည်နယ် မ.စ.က နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယာဉ်အန္တရာယ်ကင်းရှင်းရေးကောင်စီ၊ လုပ်ငန်းလိုင်စင်ရုံး မ.စ.က အဖွဲ့အဆင့်ဆင့်မှ ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက် ရှိပါသည်။